ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၆၁)**

နေ့စွဲ – ၉. ၁. ၂၀၁၁

## ကောင်းခြင်းနှင့်ဆိုးခြင်းတို့ကိုသိစေသောအပင်အကြောင်း
(The Tree of Knowledge of Good and Evil)

အာဒံနှင့်ဧဝတို့၏ ပထမအိမ်အဖြစ် ဘုရားသခင်ပြုလုပ်ပေးသော ဒေင်ဥယာဉ်တွင် အထူးသစ်ပင်နှစ်ပင်ကို စိုက်ပျိုးထားကြောင်း ကျွန်တော်တို့ ပြောခဲ့ကြပြီးဖြစ်သည်။ ယခုတွင် ကောင်းခြင်းနှင့်ဆိုးခြင်းတို့ကိုသိစေသောအပင်၏ ရည်ရွယ်ချက်ကို တရားဟောရာကျမ်း ၈း၃၊ ၂ မှနေ၍ ပြောပါမည်။ ဤကျမ်းပိုဒ်မှနေ၍ ထိုအပင်သည် ဝိညာဉ်ရေး အရအရေးကြီးမှုရှိသည်ကို တွေ့ရပါသည်၊ "သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်ကိုနှိမ့်ချစုံစမ်း၍၊ ပညတ်တော်တို့ကို ကျင့်ချင်သောစိတ်ရှိသည်မရှိသည်ကို သိမည်အကြောင်း၊ လွန်ခဲ့ပြီးသော အနှစ်လေးဆယ်ပတ်လုံး တောခရီး ပို့ဆောင်တော်မူသော လမ်းခရီးတလျှောက်လုံးကို အောက်မေ့ရမည်၊ ထိုသို့သင့်ကိုနှိမ့်ချ၍ အငတ်အမွတ်ခံစေတော်မူသောအခါ၊ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဘူးသော မန္နနှင့်ကျွေးမွေးတော်မူသဖြင့် လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်၊ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။"

ပထမဆုံးအနေနှင့် ထိုအပင်၏အသီးကို ဒီအတိုင်းကြည့်ပါက ကောင်းသောအသီးဖြစ်သည်ကို သတိပြုရပါမည်။ ဧဝက ထိုအသီးကိုကြည့်ကာ တွေးလိုက်သည်များသည် မမှန်ပါဟု ပြောနိုင်စရာမရှိပါ။ စားရန်ကောင်းသည်၊ မျက်မြင်တွင်လှသည်၊ စားသူကို ပညာရှိစေနိုင်သည် (ကမ္ဘာ ၃း၆)။ ထိုစဉ်ကထဲက ဧဝသည် ဘုရားသခင်ပြောသည်ကိုဆန့်ကျင်လျှက် စိတ်ထဲတွင် စားချင်နေပြီဖြစ်သည်။ ထိုသို့ကောင်းနေပါလျှက် ဘုရားသခင်က အဘယ်ကြောင့် မစားခိုင်းပါသနည်း?

အဖြေကို တရားဟောရာကျမ်း ၈း၂၃ တွင်တွေ့ရပါသည်။ ဘုရားသခင်သည် အာဒံနှင့်ဧဝကို လူသည် အစားအစာဖြင့်သာ အသက်မရှင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်သာ အသက်ရှင်သည်ကို သင်ပေးနေပါသည်။ ဘုရားသခင်ပြောနေခဲ့သည်မှာ အသက်ရှင်ခြင်းထက် ပို၍အရေးကြီးသည်များရှိသည်၊ အစာစားခြင်းဖြင့် ရရှိသောကိုယ်ခန္ဓာအသက်ရှင်ခြင်း၊ ဖြစ်တည်ခြင်းထက်အရေးကြီးသည်များ ရှိနေပါသည်။ လူ၏အသက်ရှင်ခြင်းသည် ဘုရားသခင်၏စကားကိုနာခံလျှက် အသက်ရှင်သောဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်။

သီဩလော်ဂျီပညာရှင် ဟိုးမားဟုတ်စ်စီမာ က "ထိုအပင်က အာဒံထံ အစာကို ပေးပါသည်၊ မြေကြီးမှပြင်ဆင်သည့် ကောင်းသောအစာဖြစ်သည်၊ သို့သော် သူမစားရမည့်အစာကို ပေးနေခြင်းဖြစ်သည်၊ ထိုသို့မဟုတ်ဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်လာသည်မှာ၊ သင် ထိုအပင်တခုကိုတော့ ရှောင်ရမည်ဟူ၍ဖြစ်သည်၊ ထိုကောင်းခြင်းနှင့်ဆိုးခြင်းကိုသိစေသောအပင်ကို ရှောင်ခြင်းဖြင့်၊ အာဒံသည် သူ့အသက်ရှင်ခြင်း၏ ပို၍မြင့်သော ဝိညာဉ်အပိုင်းကို လက်တွေ့ဖေါ်ဆောင်အသက်ရှင်နိုင်ခဲ့ပါသည်၊ သူ၏ဘုရားသခင်ကို သူငယ်ချင်းအားချစ်သလိုချစ်လျှက်၊ မိတ်သဟာယဖွဲ့ကာ၊ နာခံလျှက် အမှုတော်ကိုထမ်းဆောင်ခြင်းဆိုသော တကယ့်အသက်ရှင်ခြင်း၌ ရှင်နိုင်ခဲ့ပါသည်"ဟု ပြောပါသည်။

အာဒံ၏ရွေးချယ်မှုသည် ဘုရားသခင်အားနာခံခြင်းမဟုတ်ဘဲ၊ မိမိ၏ကိုယ်ခန္ဓာတပ်မက်ခြင်းကို ဖြည့်စည်းပေးသောရွေးချယ်မှုဖြစ်သည်။ သူသည်(ဧနှင့်အတူ) "သူတို့၏ဘုရားသည် သူတို့၏ဝမ်းပေးတည်း"ဟု ပထမဆုံးအခေါ်ခံရသူဖြစ်လာပါသည်။ "လောကပစ္စည်းများကိုအစိကထားသူ"ဟု ပထမဆုံးအခေါ်ခံရသူဖြစ်လာသည်(ဖိ ၃း၁၉)။ ထိုအချိန်မှစ၍ လူသည် မိမိကိုယ်ခန္ဓာနှင့်စိတ်ကူးအလိုဆန္ဒများကို ဖြည့်စည်းဖို့ရန်သာ အသက်ရှင်လာသည် မှာ ယနေ့ထိဖြစ်ပါသည်။ ဘုရားသခင်၏မျက်နှာသာပေးခြင်းသည် အသက်ရှင်ခြင်းထက်ပိုကောင်းသည်ဟု ဘယ် တော့မှ မထင်တော့ပါ။ ယနေ့တိုင်အောင် လူသည် ဘုရားသခင့်နှုတ်ကပတ်တော်မပါဘဲ၊ အစားအစာအားဖြင့်သာ အသက်ရှင်ဖို့ ကြိုးစားနေဆဲဖြစ်ပါသည်။

သို့သော် အာဒံ ကျဆုံးသောနေရာတွင် ခရစ်တော် ရပ်နေပါသည်။ ခရစ်တော်က လူသည် အစားအစာအားဖြင့်သာအသက်မရှင်ကြောင်း ပြောပြယုံတင်မကပါ (မဿဲ ၄း၄)၊ သဲကန္တာရထဲတွင် ရက်ပေါင်းလေးဆယ် ဘာမှ

မစားဘဲ သေလုမတတ်စာလောင်ခြင်း၌ပင်၊ သူကိုယ်တိုင် ထိုဥပဒေသဖြင့် အသက်ရှင်သွားခဲ့ပါသည်။ ကမ္ဘာကြီး၏ စာလောင်နေမှုကို ဖြည့်စည်းပေးရန် ကျောက်တုံးများကို အစာများအဖြစ်သို့ ပြောင်းစေလျှက် သဲကန္တာရတခုလုံးကို အစားအစာများဖြင့် ပြည့်နှက်သွားစေနိုင်ခဲ့သော်လည်း၊ ထိုသို့ပြုခြင်းသည် သူ့အတွက် ဘုရားသခင်ကိုနာခံခြင်းထက် ပို၍အရေးမကြီးခဲ့ပါ။ ဒီနေ့အသင်းတော်သည်လည်း ထိုသို့ပင်ယူဆနိုင်ပါမည်လား?

သဲကန္တာရထဲဖြစ်ပျက်ခဲ့သည့် ထိုအဖြစ်သည် သခင်ခရစ်တော်၏အမှုတော်ဆောင်ခြင်းတခုလုံးကို ခြုံငုံပြော ပြနေပါသည်။ သူ၏အသေခံခြင်းသည်ပင် သူ့အတွက် ဘုရားသခင်၏စကားကိုနားထောင်ခြင်းသည် ကမ္ဘာပေါ်တွင် အသက်ရှင်ခြင်းထက်၊ ထိုအသက်ကို ထောက်ပံ့မစနေသောဥစ္စာပစ္စည်းများထက် ပို၍အရေးကြီးသည်ဟု သက်သေပြ ခြင်း ဖြစ်ပါသည်။ သူသည် သေသည်အထိ နာခံပါသည်။ ထိုသို့ဖြင့် သူသည် သူရွေးကောက်ထားသူများကို အပြစ် ထဲကျဆုံးနေသော အာဒံ၏သားသမီးများထဲမှ ကယ်တင်တော်မူခဲ့ပါသည်။

## အသက်ရှင်ခြင်းအပင်အကြောင်း (The Tree of Life)

ဘုရားသခင်ကိုယ်တိုင် ဒေဉယာဉ်ထဲ၌ စိုက်ခဲ့သော အခြားစပယ်ရှယ်အပင်မှာ အသက်ရှင်ခြင်းအပင် ဖြစ် ပါသည်။ ထိုအပင်ကလည်း အာဒံနှင့်ဧဝအတွက် အထူးတလည် အရေးကြီးလှပါသည်။

ထိုအပင်၏အသီးတွင် ကမ္ဘာပေါ်၌အသက်ရှင်စေနိုင်သောတန်ခိုး ရှိနေပါသလား?ဟု မေးတတ်ကြပါသည်။ အာဒံနှင့်ဧဝကို ထိုအပင်၏အသီးမစားရန် နှင်ထုတ်သောအချိန် ဘုရားသခင်ပြောသောစကားများအရ ရှိသည်ဟုယူ ဆနိုင်ပါသည်(ကမ္ဘာ ၃း၂၂)၊ သို့သော် ထိုအပင်၏အရေးပါမှုသည် ထိုတချက်ထဲတော့မဟုတ်ပါ။

ထိုအပင်က အာဒံနှင့်ဧဝထံ ကိုယ်စားပြု၍ပြောချင်သည်မှာ အသက်ရှင်ခြင်းသည် ဘုရားသခင်ကိုနာခံခြင်း ၌သာရှိပါသည် ဆိုသောအမှန်တရားဖြစ်ပါသည်။ ပညတ်တော်များကပင် ထိုအချက်ကို သက်သေခံနေပါသည် (ဂ လာ ၃း၂၁)။ အာဒံနှင့်ဧဝက မနာခံခြင်းကို ရွေးချယ်ကြသည့်အခါ၊ “အသက်ရှင်ခြင်း”အစစ်အမှန်ထဲတွင် ဆက်လက် ၍ အသက်မရှင်နိုင်ကြတော့ပါ။ သူတို့သည် သေရတော့မည်ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်သည် အခြားအခွင့် အရေးများနှင့်အတူ ထိုအသက်ပင်အား စားရခြင်းအခွင့်ကိုလည်း ရုတ်သိမ်းခဲ့ခြင်းဖြစ်သည်။

ထိုအပင်က သူတို့ကိုပြောနေသည်မှာ၊ ကျွန်တော်တို့ကိုလည်းတချိန်ထဲတွင်ပြောနေပါသည်၊ နာခံခြင်းဆို သည်မှာ ဆိုးညစ်ခြင်းကိုစွန့်ပစ်ယုံမျှမကပါ၊ ဘုရားသခင်တားမြစ်သည်ကို မလုပ်ယုံမျှသာမကပါ ဆိုသည့်အကြောင်း ဖြစ်သည်။ ဘုရားသခင်ထံပြောင်းလဲခြင်းမရှိဘဲ အရက်ကိုဖြတ်ပစ်လိုက်သောအရက်သမားသည် ဘုရားသခင်ကိုနာခံ သည်ဟု ပြော၍ရနိုင်သလိုရှိပါသည်၊ သို့သော် မဟုတ်ပါ၊ သူသည် ဘုရားကိုနာခံခြင်း မမည်ပါ။

နာခံခြင်းတွင် အမြဲတမ်း အပြုသဘောဆောင်သော ဆောင်ရွက်မှု ပါနေပါသည်။ ဘုရားသခင်ထံ “ဟုတ်ကဲ့” ဟုပြောခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုချစ်ခြင်းမပါဘဲ၊ သူစိတ်ကျေနပ်အောင်နေထိုင်မည်ဟူသည့်စိတ်ဓါတ်မပါဘဲ၊ အပေါ်ယံ အပြင်ပမ်းမှနာခံခြင်းသည် ရွံစရာဖြစ်ပါသည်။ ပရောဖက်ဟောရှာယက ဘုရားသခင်ကိုမချစ်ဘဲ ယဇ်ပူ ဇော်ခြင်းသည် ဘုရားသခင့်ရှေ့တော်မှောက်တွင် လူသတ်သည်နှင့် (သို့) ခွေးတကောင်၏လည်ပင်းကိုလှီးသည်နှင့် ဘာမှမခြားနားပါဟု ပြောခဲ့ပါသည် (ဟေရှာ ၆၆း၃)။ ပေါလုကလည်း ထို့အတူ “မည်သည့်အရာမဆို၊ ယုံကြည်ခြင်း မပါလျှင် အပြစ်ဖြစ်သည်”ဟု ကျွန်တော်တို့ကို သတိပေးခဲ့ပါသည် (ရောမ ၁၄း၂၃)။

ဘုရားသခင်ကို မချစ်သောသူများ၊ သူ့ထံသို့ “ဟုတ်ကဲ့”ဟု မိမိတို့၏ နှလုံးသား၊ စိတ်၊ ဝိညာဉ်၊ ခွန်အား ရှိရှိ သမျှနှင့်မပြောသောသူတို့သည်၊ မည်သည့်ကောင်းခြင်းကိုမျှ မလုပ်သူများဖြစ်သည်။ သူတို့၏ အပေါ်ယံအပြင်ပမ်း ဘုရားသခင့်ပညတ်တော်များအတိုင်း နေထိုင်ခြင်းက သူတို့သည် ပညတ်များကိုတော့သိကြသည်၊ သို့သော် ဘုရားသ ခင်ကိုမသိကြပါ၊ မချစ်ကြပါဆိုသည်ကို ပြနေပါသည်။ ထိုသို့သော နာခံမှုဖြင့် သူတို့သည် မိမိတို့၏တရားစီရင်ခံရ မည်ဖြစ်ခြင်းကို ပို၍တိုးစေကြပါသည်။ စစ်မှန်သောနာခံခြင်းသည် အပြစ်မှ လှည့်ထွက်ခြင်း၊ သို့သော် ဘုရားသခင့် ထံသို့ နှလုံးသားအားလုံး ခွန်အားရှိသမျှနှင့် လှည့်ထွက်ခြင်းဖြစ်သည်။

အသစ်သောဖန်ဆင်းခြင်းသို့ရောက်သော် အသက်ပင်သာရှိပါတော့မည် (ဗျာ ၂၂း၂)။ ကောင်းခြင်းနှင့်ဆိုး ခြင်းကိုသိစေသောအပင်သည် ရှိတော့မည်မဟုတ်ပါ။ အပြစ်၊ သေခြင်းနှင့် စာတန်သည် ထိုအရပ်တွင် မရှိတော့ပါ။ ကျွန်တော်တို့၏ နာခံခြင်းသည်လည်း ၄င်းတို့ကို “မဟုတ်ဘူး”ဟုပြောခြင်းတွင် မတည်တော့ပါ။ ကျွန်တော်တို့၏ နာခံခြင်းသည် ဘုရားသခင်ကိုယ်တိုင်ကို ချစ်မြတ်နိုးစွာ အမှုဆောင်ခြင်းသက်သက်သာ ဖြစ်ပါတော့မည်။

ထို့ကြောင့် ကျွန်တော်တို့အတွက် အသက်ရှင်ခြင်းအပင်က သခင်ခရစ်တော်ကို ကိုယ်စားပြုပါသည်။ ပထမ ရှိခဲ့သောအသက်ပင်က အာဒံနှင့်ဧဝတို့၏အသက်ရှင်ခြင်းအတွက် အရင်းအမြစ်ဖြစ်ခဲ့သလို၊ သူသည် ကျွန်တော်တို့ရ

ရှိသော ထာဝရအသက်၏အရင်းအမြစ်ဖြစ်ယုံသာမကပါ၊ ကျွန်တော်တို့၏ ဘုရားသခင်အားနာခံခြင်းတွင် ပြည့်စုံခြင်းကို ဖြစ်စေသူလည်း ဖြစ်တော်မူပါသည်။ သူသည် ကျွန်တော်တို့ကိုယ်စား ဘုရားသခင်ထံ "ဟုတ်ကဲ့"ဟု ပြောပေးသူဖြစ်ပါသည်။ အသေခံသည်အထိ ထိုသို့ပြောပေးပါသည်။ သူသည် ကျွန်တော်တို့၏ဝိညာဉ်အစာ၊ ကျွန်တော်တို့ဝိညာဉ်များကို ထာဝရအသက်ဖြင့် ဝပြိုးစွာကျွေးမွေးသူလည်း ဖြစ်ပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့လည်း ဘုရားသခင်ကို မိမိတို့၏ဖြစ်တည်မှုရှိသမျှနှင့် မိမိတို့၌ရှိရှိသမျှနှင့် "ဟုတ်ကဲ့"ဟု ပြောနိုင်ကြပါမည်။ အသစ်သောဖန်ဆင်းခြင်းတွင် ကျွန်တော်တို့သည် သူ၏ကျွေးမွေးခြင်းကို ခံကြလျှက်၊ သူ့အား ဝမ်းမြောက်စွာခံစားလျှက်၊ ဘုရားသခင်ထံ "မဟုတ်ဘူး"(ပြ)ဟုပြောဆိုခြင်းသည် ဖြစ်နိုင်ခြေမျှပင် ရှိတော့မည်မဟုတ်ပါ။
အံ့သြစရာကောင်းသည်မဟုတ်ပါလား!

## လူသား၏ကျဆုံးခြင်းအကြောင်း(The Fall of Man)

ကမ္ဘာ့သမိုင်းတွင် ကြေကွဲစရာအကောင်းဆုံးအဖြစ်အပျက်သည် ဟိုလိုခေါ့စ်(ဒုတိယကမ္ဘာစစ်က နာဇီဂျာမဏီများက ဂျူးလူမျိုးသန်းပေါင်းများစွာကို အဆိပ်ငွေ့ပေးသတ်ဖြတ်ခြင်း) မဟုတ်ပါ၊ ကမ္ဘာစစ်ကြီးများလည်း မဟုတ်ပါ၊ စည်းပွားပျက်ကပ်ကြီးများလည်း မဟုတ်ပါ၊ သဘာဝကပ်ဒုက္ခကြီးများကြောင့် လူများ၊ သဘာဝတရားများ ပျက်ဆီးကြခြင်းလည်း မဟုတ်ပါ၊ လူသား အပြစ်ထဲသို့ကျဆုံးခြင်းသာ ဖြစ်ပါသည်။ ထိုတခုသောအဖြစ်အပျက်သည် ကမ္ဘာလောကထဲတွင် ဖြစ်ပျက်နေသည့် ဒုက္ခဆင်းရဲခြင်းအပေါင်း၊ ပြဿနာအပေါင်း၊ ဝေဒနာခံစားရခြင်းရှိသမျှတို့၏ ဖြေရှင်းချက်လည်း ဖြစ်ပါသည်။ အပြစ်ထဲကျဆုံးခြင်းသာမရှိပါက၊ ဤကမ္ဘာတွင် သေခြင်းလည်း ရှိမည်မဟုတ်ပါ၊ ဖျားနာခြင်းလည်း ရှိမည်မဟုတ်ပါ၊ စစ်ပွဲများလည်း ရှိမည်မဟုတ်ပါ၊ ဆေးရုံများလည်း ရှိမည်မဟုတ်၊ နာကျင်စွာခံစားရခြင်းများလည်း ရှိမည်မဟုတ်သလို၊ ဘုရားသခင်နှင့် ခွဲခွာရခြင်းလည်း ရှိမည်မဟုတ်ပါ။

လူသားအပြစ်ထဲကျဆုံးခြင်းက ထိုအရာအလုံးစုံကို ယူဆောင်လာခြင်းဖြစ်ကြောင်း သတိပြုရပါမည်။ ဘုရားသခင်ကို အပြစ်မတင်ဘဲနေကြရအောင်၊ အကယ်၍သာ ဘုရားသည် ချစ်ခြင်း၊ ဂရုဏာထားသောဘုရားဖြစ်ပါလျှင် ထိုသို့သောဒုက္ခဆင်းရဲခြင်းများကို ဖြစ်စေမည်မဟုတ်ပါဆိုသော အပြစ်တင်ခြင်းမျိုး ပြော၍မရပါ။ တရားခံသည် ဘုရားမဟုတ်ပါ၊ လူသာဖြစ်ပါသည်။

ကျွန်တော်တို့အပေါ်သို့ ရောက်လာသော ဒုက္ခဆင်းရဲခြင်းများသည် အာဒံအပြစ်ပြု၍သာမဟုတ်ပါ၊ သူ၏အပြစ်သည် အားလုံး၏အပြစ်ဖြစ်လာ၍ဖြစ်သည် (ရောမ ၅း၁၂)။ သူအပြစ်ပြုသောအခါ၊ ကျွန်တော်တို့လည်း သူနှင့်အတူပြုကြပါသည်၊ ထို့ကြောင့် အပြစ်၏နောက်ဆက်တွဲများအားလုံးသည် လူအားလုံးအပေါ်သို့ ရောက်လာပါသည်။ "လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။"

ထို ကျမ်းစာ၏သက်သေခံချက်ကို၊ ကမ္ဘာဦးကျမ်း (၃)၌ မှတ်တမ်းတင်ထားသော အပြစ်ထဲသို့ကျဆုံးခြင်းအကြောင်းသည် တကယ့်အဖြစ်အပျက်မဟုတ်ပါဟု ထင်ကျေးပေးခြင်းက မဖျက်ဆီးနိုင်ပါ။ ထိုသို့ထင်နေလျှင် လူ၏အခြေအနေမှန်အကြောင်းကို ရှင်းပြနိုင်တော့မည်မဟုတ်ပါ၊ ထိုလူသားအသက်ရှင်နေသည့် မျက်မှောက်ခေတ် ကမ္ဘာကြီး၏ အခြေအနေမှန်ကိုလည်း ရှင်းပြနိုင်တော့မည်မဟုတ်ပါ၊ ဒုတိယအာဒံအဖြစ် သခင်ခရစ်တော်လာရခြင်းသည် မရှိမဖြစ်လို အပ်ခြင်းဟု ပြောနိုင်တော့မည်မဟုတ်ပါ။

အပြစ်ထဲကျဆုံးခြင်းနှင့်ပတ်သက်၍ အမြဲတမ်းတည်ရှိနေမည့် အခြားအမှန်တရားအချို့တို့ကိုလည်း ကျွန်တော်တို့ သိသင့်ပါသည်၊–

ပထမ၊ ဝေက စမှားသည်၊ ထို့အတွက် အမျိုးသမီးတို့သည် အသင်းတော်တွင် ငြိမ်ငြိမ်နေရပါသည် (၁တိ ၂း ၁၁–၁၄)၊ ကလေးမွေးရာတွင် ဝေဒနာများစွာခံရပါသည် (ကမ္ဘာ ၃း၁၆)။

ဒုတိယ၊ ပထမဆုံးအပြစ်သည် နတ်ဆိုး၏သွေးထိုးခံရမှုကြောင့် ဖြစ်ပေါ်လာသည်။ သူ၏လိမ်ညာခြင်း၊ ကောက်ကျစ်ခြင်းဖြင့် နတ်ဆိုးသည် အာဒံ၊ ဧဝနှင့် သူတို့မျိုးနွယ်ဆက်အားလုံးကို သတ်ဖြတ်သူဖြစ်လာသည် (ယော ၈း၄၄)။ သူတို့ကလည်း လိုချင်စွာနားထောင်ခဲ့သဖြင့် သူတို့ထံတွင်လည်း အပြစ်ထဲကျဆုံးခြင်းနှင့် ၎င်း၏နောက်ဆက်တွဲရလဒ်များအတွက် တာဝန်ရှိပါသည်။

တတိယ၊ လူ၏အပြစ်ထဲကျဆုံးခြင်းသည်၊ မိမိ၏ဝိညာဉ်ရေးရာအခြေအနေအတွက် လူသားက ဘုရားသခင်ထံ အပြစ်မတင်နိုင်ရသောအကြောင်းအရင်းဖြစ်ပါသည်။ လူသားအားလုံးသည် အပြစ်ထဲတွင် "သေ"လျှက် မွေးလာကြသည်မှန်သော်လည်း၊ ဘုရားသခင်သည် လူကို ပြည့်စုံစွာဖန်ဆင်းခဲ့သည်၊ အာဒံအားဖြင့် ပြည့်စုံသောကိုယ်စား

လှယ်ကိုလည်း ပေးခဲ့ပါသည်။ အာဒံထံ၌ လူသည် ဘုရားသခင်အားဆန့်ကျင်ခြင်းကို လိုချင်စွာ ရွေးချယ်ခဲ့ပါသည်။ ဘုရားက သူ့ကိုပေးထားသော ကောင်းမြတ်သည့်လက်ဆောင်အားလုံးကို လွှင့်ပစ်ခဲ့ပါသည်။

စတုတ္ထ၊ လူသားကိုကျဆုံးစေခဲ့သော လိမ်ညာခြင်းကို ယနေ့ခေတ်တိုင်အောင် လူတို့က နားထောင်နေဆဲ၊ ယုံကြည်နေဆဲဖြစ်သည်၊ “သင်သည် ဘုရားများကဲ့သို့ဖြစ်လာမည်” (ကမ္ဘာ ၃း၅)။ မိမိ၏ “လွတ်လပ်စွာရွေးချယ်နိုင် ခြင်း”ကို ချီးမြှောက်လျှက်၊ မိမိသည် မိမိဘဝ၏ဦးဆောင်သူဖြစ်သည်ဟုဆိုလျှက်၊ မိမိ၏ ဘုရားမဲ့ သွန်သင်ခြင်းများ၊ ဒဿနများ၊ အသက်ရှင်ပုံစံများအားဖြင့် လူသည် သူ့ကိုယ်သူ ပညတ်များချမှတ်သောအရှင်သခင်ကြီးဖြစ်သည်ဟု ထင်ယောင်ထင်မှားဖြစ်နေပါသည်၊ ဘုရားသခင်၏ အစိုးရတော်မူခြင်းနှင့်အုပ်ချုပ်ခြင်းကို ငြင်းပယ်နေပါသည်။ ထို သို့ဖြင့် သူသည် ယနေ့တိုင်အောင် စာတန်၏ လိမ်ပြောခြင်းကို ယုံကြည်နေဆဲဟု ဖေါ်ထုတ်နေပါသည်။

သင်သည် အာဒံနှင့်အတူ ကျဆုံးခဲ့ပါသည်ဟု ယုံကြည်ပါသလား? သူ၏ကျဆုံးခြင်းသည် လူသားတရပ်လုံး ၏ ကျဆုံးခြင်းသာမက သင်၏ကျဆုံးခြင်းလည်းဖြစ်ပါသည်ဟု ယုံကြည်ပါသလား ? သင်ယုံကြည်သည်ဆိုလျှင်၊ အ ဘယ်ကြောင့် သခင်ခရစ်တော်တပါးတည်းကသာ ကျွန်တော်တို့ကို ကယ်တင်နိုင်ကြောင်းကို သိလာမည်ဖြစ်သည်။ အဘယ်ကြောင့် သူ့ကို ကျွန်တော်တို့ ယုံကြည်ရပါသနည်းဆိုသည်ကိုလည်း သိလာပါမည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++

### အသင်းတော်အတွင်းမှ ဆန့်ကျင်ဖက်ပဋိပက္ခများ(ဒုတိယပိုင်း)
### The Antithesis in the Church (Part 2)

သခင်ဘုရားက လူ့သမိုင်းတလျှောက်တွင် စစ်မှန်သောအသင်းတော်နှင့် မှားယွင်းသောအသင်းတော်ဟူ၍ အမြဲတမ်းရှိနေမည်ဟု ပြောလိုရင်းဖြစ်သည်။ မျက်မှောက်ကာလမှာ ဤ(၂)ခုကို သီးသန့်ခွဲထုတ်ရန်မဖြစ်နိုင်ပါ။ နတ်ဆိုးက ကောင်းသောမျိုးစေ့ရှိသည့်နေရာတိုင်းမှာ ဆိုးသောမျိုးစေ့များကိုကြဲဖြန့်လျက်ရှိသည်။ ခရစ်တော်အကြောင်း ဟောပြောသောနေရာတိုင်းမှာ အန္တိခရစ်ကလဲသူ့အသံကိုကျယ်လောင်စေမည်သာဖြစ်သည်။ ကောင်းကင်နိုင်ငံတော် ထင်ရှားပေါ်ထွန်းသောနေရာတိုင်းမှာ စာတန်ကလဲ ငရဲ၏နိုင်ငံတော်ကိုထူထောင်ဖို့ ကြိုးစားနေမြဲဖြစ်သည်။ ခရစ်တော်ပြန်ကြွမလာခင်အထိတော့ ဤကိစ္စသည်မပြောင်းမလဲဆက်ရှိနေဦးမည်သာဖြစ်သည်။

သို့သော် ဤကိစ္စထဲတွင်လဲ သခင်ဘုရားထံ၌ရည်ရွယ်ချက်ရှိနေပါသည်။ ဤသို့ဖြစ်နေစေဖို့လဲ သူကိုယ်တိုင်ကပင် ဆုံးဖြတ်ပေးထားခြင်းဖြစ်ပါသည်။

ဤသို့ဖြစ်စေသော အကြောင်းအရင်းခံများကား အဘယ်အရာများနည်း။ ယေဘုယျသဘောပြောရလျှင်၊ ပေါင်းပင်များဆက်လက်တည်ရှိခွင့်ပေးထားသည့် ဘုရားသခင်၏ရည်ရွယ်ချက်အပေါ် မှတ်ချက်(၂)ခုချရပေမည်။ ပထမမှတ်ချက်မှာ– ဤရည်ရွယ်ချက်ထဲတွင် အသင်းတော်အတွက်နှစ်သိမ့်မှုပေးသော အာမခံချက်ပါဝင်နေသည်။ ဘုရားသခင်၏လူတို့သည် ဘုရားမဲ့သူများ သူတို့အထဲတွင်ရှိနေသောကြောင့် စိတ်ပျက်၊ အားနည်း၊ ကြောက်ရွံ့ခြင်းများ ခံစားကောင်းခံစားကြရလိမ့်မည်။ သို့သော်သခင်ဘုရားက ပေါင်းမြက်ပင်များသည် ဂျုံပင်များကို ဒုက္ခပေးနိုင်မည်မဟုတ်ကြောင်းအသင်းတော်အား အာမခံပေးထားပါသည်။ တချို့အချိန်များမှာတော့ ဘုရား၏အမွေအနှစ်များကို ဘုရားမဲ့သူများက စိုးမိုးချယ်လှယ်နေကြသယောင် အသင်းတော်ကတွေ့မြင်နိုင်ပါသည်။ ဟေရှာယအနာဂတ္တိ ကျမ်း(၁း ၈–၉)တွင်––ဇိအုန်သတို့သမီးသည်လဲ စပျစ်ဥယာဉ်ထဲမှတဲအိမ်ကဲ့သို့၄င်း၊ သခွားဥယာဉ်ထဲမှယာတဲကဲ့သို့၄င်း၊ ရန်သူဝိုင်းသောမြို့ကဲ့သို့၄င်း ကျန်ရစ်လေ၏။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် ငါတို့အထဲမှအလွန်နည်းပါးသောအကြွင်းအကျန်တချို့ကိုမျှ မကျန်ရစ်စေပါလျှင် ငါတို့သည်သောဒုံမြို့နှင့်၄င်း၊ ဂေါမောရမြို့နှင့်၄င်း တူကြပါလိမ့်မည်––ဟု ငိုကြွေးမြည်တမ်းထားသကဲ့သို့ဖြစ်ပါသည်။ ယုံကြည်သူများက လူဆိုးတို့သည်အောင်ပွဲခံ၍လွှမ်းမိုးနေကြပြီ၊ ဘုရားသခင်၏အမှုတော်သည် ရှုံးနိမ့်ခြင်းသို့ကျဆင်းရလေပြီဟု နိဂုံးကောက်ချက်ဆွဲမိနိုင်ကြပါသည်။ နန်းမြို့ရိုး၏ အမြင့်ဆုံးပြအိုးများ ဓာတိလူတို့၏လက်ထဲသို့ကျရောက်သွားခြင်း၊ အသင်းတော်တခုပြီးတခုလမ်းလွဲလိုက်ကုန်ကြပြီး ယုံကြည်ခြင်းကိုခိုင်မာစွာဆွဲကိုင်ထားမည့်အသင်းတော်ဟူ၍ တခုမျှမကျန်တော့သည်အထိဖြစ်ကုန်ခြင်းတို့ကို မျက်ဝါး ထင်ထင်တွေ့မြင်ကောင်းတွေ့မြင်နေရနိုင်ပါသည်။

သို့သော်သခင်ယေရှုက ဘယ်တော့မျှရှုံးနိမ့်ခြင်းမရှိစေရဟု အာမ ခံပေးထားပြီးဖြစ်သည်။ ပေါင်းမြက်ပင်များကအသင်းတော်ကို တကယ်တမ်းထိခိုက်အောင်မလုပ်နိုင်၊ ဘုရားသခင်က သူ၏အသင်းတော်ကို အမြဲတမ်းစောင့်ရှောက်ထားပြီး၊ အမြဲတမ်းအောင်မြင်စေမည်ဖြစ်သည်။ ငရဲပြည်၏ဂိတ်တံခါး များက သူမကိုအံတုယှဉ်ပြိုင်နိုင်စွမ်းမရှိနိုင်ပါချေ။ မည်သို့ပင်ဖြစ်ပါစေ သခင်ဘုရားသည် သူ၏လူများကို သိကျွမ်း တော်မူ၏။ ထို့အတူ သခင်ခရစ်တော်၏ နာမတော်ကိုခံယူသောသူအားလုံး မတရားသောအမှုကိုရှောင်ကျဉ်ရမည် ဟုတံဆိပ်ခတ်လျက်ရှိသော ဘုရားသခင်၏တိုက်မြစ်သည်ခိုင်မာတည်တံ့လျက်ရှိ၏--(၂တိ-၂း၁၉)။

ဒုတိယအချက်- ပေါင်းမြက်ပင်များအဘယ့်ကြောင့် ဆက်လက်တည်ရှိနေရသနည်းဆိုသော် သူတို့သည် ကောင်းသောရည်ရွယ်ချက်အထမြောက်စေဖို့ မရှိမဖြစ်လိုအပ်သောကြောင့်ဖြစ်သည်။ သူတို့မရှိခဲ့လျှင် သခင်ခရစ်တော်၏အမှုတော်ကို ထိခိုက်နစ်နာသွားစေနိုင်သည်။

ဤအယူအဆသည် ရောမဩဝါဒစာ(၈း၂၈)မှသွန်သင်ချက်--ဘုရားသခင်သည် သူ့လူများအတွက်ကောင်းသောအမှုအရာဖြစ်စေဖို့ ခပ်သိမ်းသောအရာတို့ကို တညီတညွတ်တည်းလုပ်ဆောင်စေ၏--ဟူသောသမ္မာကျမ်းစာ၏ အခြေခံအကျဆုံးအမှန်တရားနှင့်တသံတည်းထွက်နေပါသည်။ ဤသည်ပင် အခြေခံစည်းမျဉ်းဖြစ်သည်။

ပေါင်းမြက်ပင်များက ကောင်းသောရည်ရွယ်ချက်တခုခုအတွက် အထောက်အကူပေးနေသည်ဆိုသောအကြောင်းကို ပုံဥပမာထဲတွင်အကျယ်တဝင့်ရှင်းပြထားခြင်းတော့မရှိပါ။ ထို့အတူ လယ်ကွင်းထဲမှာပေါင်းမြက်ပင်များရှိနေခြင်းက မည်သို့မည်ပုံကောင်းကျိုးပေးနိုင်မည်နည်းဆိုသည်ကို တွေ့မြင်နိုင်ဖို့လဲအတော်ခက်ပါသည်။ မည်သို့ပင်ဖြစ်စေ ပေါင်းမြက်ပင်များကိုနုတ်ပစ်ခြင်းက ဂျုံပင်များကို ထိခိုက်နစ်နာစေသည်ဟုဆိုလျှင် မနုတ်ဘဲထားခြင်းက ဂျုံပင်တို့အတွက် ကောင်းသောအရာဖြစ်စေကြောင်းကိုတော့သိနိုင်ပါသည်။

ရှေ့ဆက်စဉ်းစားသွားရလျှင်- ဤမေးခွန်းကိုဖြေဆိုရန် ဤပုံဥပမာကမရည်ရွယ်သော်ငြားလဲ၊ ဤအဖြေသည် နှုတ်ကပတ်တော်၏သွန်သင်ချက်တခုပင်ဖြစ်သည်မဟုတ်လော။ ကောင်းသောရည်ရွယ်ချက်ရှိပုံသည် ဂျုံပင်နှင့်ပေါင်းမြက်ပင်တို့အကြားဆက်နွယ်မှုတွင် သိပ်မထင်ရှားပေမဲ့ ဂျုံဖွဲနှင့်ဂျုံစေ့တို့၏ဆက်နွယ်မှုတွင်တော့ ထင်ရှားစွာတွေ့နိုင်သည်။ ဂျုံစေ့တခုကြီးထွားရင့်ကျက်လာစေရန် မရှိမဖြစ်အရေးပါသောဖွဲခွံသည် ရိတ်သိမ်းချိန်အရောက်မှာတော့ သတ်သတ်ခွဲထုတ်လိုက်ခြင်းခံရပြီး ဂျုံစေ့များကိုစပါးကျီထဲသို့၊ ဖွဲခွံများကိုမီးထဲသို့ထဲ့လိုက်ကြသည်မဟုတ်လော။

ဤအမှန်တရားကို ဝိညာဉ်ရေးရာရှုထောင့်မှလဲ ဆင်ခြင်တွေးတောကြည့်နိုင်ပါသည်။ ပထမဆုံးနေနှင့်- ထိုကဲ့သို့ဆိုးသောမျိုးစေ့များ သူတို့အကြားမှာရှိနေခြင်းက ဘုရားသခင်၏လူများကို အမြဲသတိဝီရိယထား၍အသက်ရှင်စေသည်။ သူတို့သည်ဤကမ္ဘာကြီးအလယ်မှာ အများနောက်မလိုက်ဘဲဆန့်ကျင်သောအသက်တာများနှင့် နေထိုင်ကြဖို့ ရွေးကောက်ခံထားရသူများဖြစ်သည်။ သူတို့သည်အပြစ်တရားကို ဆန့်ကျင်တိုက်ခိုက်သွားခြင်း၊ အကုသိုလ်ဒုစရိုက်မှန်သမျှကိုငြင်းပယ်၍ ဘုရားသခင်၏နိုင်ငံတော်ကိုရှာဖွေခြင်း- တို့အားဖြင့် သူတို့၏ကောင်းကင်ဘုံရှင်ဘုရင်အား အစေခံဖို့ရန်ခေါ်ထားခြင်းခံရကြသူများဖြစ်ကြသည်။ သူတို့သည် ခဏကလေးမျှပင် ငိုက်မြည်းအိပ်ပျော်သွား၍မဖြစ်ကြောင်းသိနေကြသည်။ သူတို့သည် အမြဲတမ်းအသင့်အနေအထားဖြင့်မနေကြပါလျှင် ရန်သူများကအနိုင်ယူသွားလိမ့်မည်ကို သိနေကြသည်။ ခရစ်တော်၏အမှုတော်မြတ်ကို တည်တံ့အောင်ထိန်းသိမ်းနိုင်ဖို့ အမြဲမပြတ်နိုးကြားနေခြင်း နည်းလမ်းတခုတည်းသာရှိပါသည်။

ဒုတိယအနေဖြင့်- ဆိုးသွမ်းသောမျိုးစေ့တို့သည် အသင်းတော်၏ကျန်းမာသန်စွမ်းရေးကို အထောက်အကူပေးသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ရှိနေခြင်းက အသင်းတော်ကို ဘုရားသခင်၏နှုတ်ကပတ်တော်၏ ကောင်းမြတ်ခြင်းအမျိုးမျိုးကိုရှာဖွေချင်စိတ်ပေါ်လာအောင်နှိုးဆော်ပေးတတ်သောကြောင့်ဖြစ်သည်။ အသင်းတော်ထဲတွင် လွဲမှားသောယုံကြည်ချက်သွန်သင်သူများပေါ်လာသောအခါတွင် သစ္စာရှိယုံကြည်သူများသည် ထိုလွဲမှားသောသွန်သင်ချက်များကို ခုခံတိုက်ခိုက်ခြင်းဖြင့် သမ္မာတရားကိုကာကွယ်ကြဖို့ ဆင့်ခေါ်ခြင်းခံကြရသည်။ ဤကဲ့သို့ အထူးတလည်ခေါ်ခြင်းခံရသောအခါ သူတို့သည် သစ်လွင်သောစိတ်အားထက်သန်တက်ကြွမှုများနှင့် သမ္မာကျမ်းစာကိုအသစ်တဖန် စူးစမ်းဆင်ခြင်ကြဖို့နှိုးဆော်ခြင်းခံကြရသည်။ အဘယ်ကြောင့်ဆိုသော် စင်ကြယ်သန့်ရှင်းခြင်းအပေါင်းနှင့်ပြည့်စုံသောသမ္မာတရားကို နှုတ်ကပတ်တော်ထဲတွင်သာရှာတွေ့နိုင်သောကြောင့်ဖြစ်သည်။ ဤကမ္ဘာကြီးထဲမှာ အမြဲတမ်းဤသို့ဖြစ်နေမြဲဖြစ်ပါသည်။ အသင်းတော်သည် နှုတ်ကပတ်တော်၏အမှန်တရားများကို- သီဩလော်ဂျီဆင်ခြင်တွေးတောရာ ဆင်စွယ်နန်းတော်ကြီးထဲမှ(သို့) အေးချမ်းငြိမ်သက်လျက်ရှိသော တွေးခေါ်ရှင်ကြီးများ၏စာဖတ်ခန်းများထဲမှ- ဆင်ခြင်တွေးတော၍ ဖေါ်ထုတ်ခဲ့ခြင်းမဟုတ်ပါ။ ယုံကြည်ခြင်းအတွက်ဆင်နွဲရသောစစ်မြေပြင်ထဲမှနေ၍ ထုဆစ်ပေးလိုက်ခြင်းသာဖြစ်သည်။ အသင်းတော်ကချစ်မြတ်နိုးစွာဖြင့်ဆုပ်ကိုင်ထားသော နှုတ်ကပတ်တော်ကိုတိုက်ခိုက်လာသူများကို ပြင်းထန်စွာတန်ပြန်တိုက်ခိုက်ခြင်းထဲမှနေ၍တည်ဆောက်လိုက်ခြင်းဖြစ်သည်။ သမ္မာတရားသည် သူ့ကို

ဆန့်ကျင် တိုက်ခိုက်မှုများအားလုံးကြောင့် ဤမျှလောက်သန့်စင်ခြင်း၊ကြွယ်ဝခြင်းတို့နှင့်ပြည့်လျှံနေရခြင်းဖြစ်သည်။ အသင်းတော်၏ရာဇဝင်ကို တီးမိခေါက်မိရှိသူတိုင်းက ဤအဆိုမှန်ကန်လှကြောင်း သဘောတူညီကြမည်မှာ ချမလွဲဖြစ်သည်။

တတိယအနေနှင့်– မျိုးစေ့နှစ်မျိုးအတူယှဉ်တွဲရှိနေခြင်းက နှစ်မျိုးစလုံးရင့်မှည့်လာဖို့အချိန်ရရှိစေသည်။ ဂျုံမျိုးစေ့က ကောင်းသောအလုပ်မှန်သမျှ လုပ်ဆောင်နိုင်ဖို့အထူးတလည်ပြင်ဆင်ပေးခြင်းခံရပြီးသော ဘုရားသခင်၏လူများအဖြစ်သို့ရင့်မှည့်သွားကြသည်။ ဤသို့ရင့်ကျက်သွားနိုင်ဖို့ ရှုန်းကန်ခြင်း၊ စစ်တိုက်ခြင်း၊ ဒုက္ခဆင်းရဲခံခြင်း၊နှင့် သတိဝီရိယအမြဲရှိခြင်း– တည်းဟူသောလမ်းစဉ်အားဖြင့်သာ ရောက်ရှိသွားနိုင်သည်။ ဘုရားသခင်က သူ၏လူများအပေါ် ဘုန်းထင်ရှားခြင်းရှိနိုင်ဖို့ ဤအရာများအားဖြင့်လုပ်ဆောင်နေခြင်းဖြစ်သည်။ တချိန်ထဲမှာဘဲ ဆိုးညစ်သူတို့သည်လဲ ကြီးထွားလာလျက်ရှိကြသည်။ သူတို့သည်အမိုက်မှောင်နိုင်ငံတော်သားများဖြစ်ကြောင်း သူတို့ကိုယ်သူတို့ ထင်ရှားစေလျက်ရှိကြသည်။ သူတို့သည် တရားစီရင်ရာနေ့မရောက်မချင်း ဆိုးညစ်ခြင်းများကို တိုးပွားစေလျက်ရှိကြသည်။ သူတို့သည် ဘုရားသခင်နိုင်ငံတော်၏သားသမီးများနှင့် နီးကပ်စွာရှင်သန်နေကြခြင်းကပင် အပြစ်တရားထဲမှာတိုးပွားနေစရာအကြောင်းဖြစ်နေသည်။ အသင်းတော်တည်ရှိနေခြင်းသည် သူတို့၏အကြီးဆုံးအပြစ်တိုးပွားစရာအကြောင်းဖြစ်နေသည်။ သခင်ခရစ်တော် ပါလက်စတိုင်းနယ်ထဲမှာရှိနေခြင်းသည် ဆိုးညစ်သောဂျူးတို့၏အရေခြုံ ကြောင်သူတော်ဖြစ်ခြင်းကို ပေါ်လွင်ထင်ရှားစရာအကြောင်းဖြစ်နေသည်။ အကယ်၍ ခရစ်တော်သာကြွမလာခဲ့ပါလျှင် သူတို့၏အရေခြုံကြောင်သူတော်ဖြစ်ခြင်းကို ဟန်ဆောင်ဖုံးကွယ်လျက် လူတွေအမြင်မှာဘုရားတရားကြည်ညိုသူ၊ သန့်ရှင်းသူများသဖွယ်ဆက်နေကောင်းနေနိုင်ကြမည်ဖြစ်၏။ အမြဲတမ်းပင်ဤသို့ဖြစ်နေပါသည်။ အသင်းတော်မျက်မြင်ထင်ရှားတည်ရှိနေခြင်းက ဘုရားသခင်နှင့်သူ၏အမှုတော်မြတ်ကိုမုန်းတီးကြပြီး အပြင်ပန်းမှသူတို့၏ဘုရားတရား ကြည်ညိုမှုဝတ်ရုံဖြင့် ဟန်ဆောင်ဖုံးကွယ်နေကြသူများ၏နှလုံးသားထဲမှ အကုသိုလ်အရင်းအမြစ်များကို ဖုံးထားသမျှ လှစ်ဟပြလျက်ရှိနေသည်။ ဤသို့အားဖြင့် သူတို့သည်တရားစီရင်ခံရဖို့ ရင့်မှည့်လာကြသည်။ ဤအခြင်းအရာသည်လဲ ဘုရားသခင်၏ ရည်ရွယ်ချက်အတိုင်းဖြစ်လာခြင်းပင်ဖြစ်သည်။

နောက်ဆုံးအချက်– နှိပ်စက်ညှင်းပန်းခြင်း၏ခြောက်လှန့်မှုသည် အသင်းတော်ကောင်းဖို့အတွက်ဘယ်နည်းနဲ့မျှမဖြစ်နိုင်ပါဟု ဘုရားသခင်၏သန့်ရှင်းသူအရင့်အမာကြီးများကပင် ထင်မြင်နေကြသည်။ မည်သို့ပင်ဖြစ်ပါစေ နှုတ်ကပတ်တော်က ဤထင်မြင်ချက်နှင့်ဆန့်ကျင်ဖက်ပြောနေသည်။ ဒုက္ခဆင်းရဲခံခြင်းသည် ဘုရားသခင်၏လူတို့အတွက်ကောင်းဖို့သက်သက်သာဖြစ်သည်ဟု ကျမ်းပိုဒ်များစွာကပြောပြနေပါသည်။ အသင်းတော်ဖခင်ကြီးတဦးဖြစ်သူ တာတူလီယန်က ––မာတုရ(ယုံကြည်ခြင်းအတွက်အသက်စွန့်သူ)တို့၏အသွေးသည် အသင်းတော်၏မျိုးစေ့ဖြစ်သည်––ဟုပြောခဲ့စဉ်က ဤအမှန်တရားကို သိမြင်ခံစားလျက်ပြောပြခဲ့ခြင်းဖြစ်သည်။ သခင်ယေရှုက ဆိုးညစ်သောသူများသည်သူ့ကိုမုန်းသကဲ့သို့၊ နှိပ်စက်ညှဉ်းပန်းသကဲ့သို့ သူ၏တပည့်တော်များကိုလဲပြုကျင့်ကြလိမ့်မည်ဟု သတိပေးထားခဲ့သည်။ ထို့အတူသူ၏အသင်းတော်သည် ဤကဲ့သို့နှိပ်စက်ညှင်းပန်းခြင်းကြုံတွေ့ရချိန်မှာ ဝမ်းမြောက်ကြရမည်၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ခံစားရခြင်းသည် ကောင်းချီးမင်္ဂလာကိုဖြစ်စေသောကြောင့်ဖြစ်သည်။––ဖြောင့်မတ်ခြင်းတရားကြောင့်နှိပ်စက်ညှင်းပန်းခြင်းခံရသူများသည် ကောင်းချီးခံရသူများဖြစ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် ကောင်းကင်နိုင်ငံတော်သည် သူတို့အတွက်ဖြစ်သောကြောင့်ပင်တည်း။ ငါ့အတွက်ကြောင့် သူတို့ကသင်တို့ကို ကျိန်ဆဲလျှင်၊ နှိပ်စက်လျှင်၊ ဆိုးညစ်သောစကားရှိသမျှနှင့်ပြောကြလျှင်– သင်တို့သည်ကောင်းချီးခံစားရသူများဖြစ်ကြ၏––(မဿဲ ၅း ၁၀–၁၁) ဟုမိန့်ကြားခဲ့၏။

သန့်ရှင်းသူများသည် ဒုက္ခဆင်းရဲမြောက်မြားစွာခံစားကြရခြင်းအားဖြင့်သာ ကောင်းကင်နိုင်ငံတော်ထဲသို့ဝင်ရောက်နိုင်ကြမည်ဖြစ်၏(တ၁၄း၂၂)။ ထို့အတူ ကျွန်တော်တို့၏ဆင်းရဲဒုက္ခခံစားရခြင်းအားဖြင့်သာ သခင်ခရစ်တော် ၏ ဆင်းရဲဒုက္ခခံစားခြင်း၏အတိုင်းအတာပမာဏကို ကျွန်တော်တို့၏ခန္ဓာကိုယ်ကနားလည်နိုင်ခွင့်ရကြ၏(ကော လောသဲ ၁း၂၄)။ နှိပ်စက်ညှဉ်းပန်းခြင်းသည် ကယ်တင်ခြင်းကိုဖေါ်ထုတ်ပေးပါသည်။

ရိတ်သိမ်းချိန်၌သတ်သတ်စီခွဲခြမ်းခြင်း

ဤပုံဥပမာထဲမှ ရိတ်သိမ်းခြင်းသည် ဤကမ္ဘာကြီး၏အဆုံးသတ်ချိန်ဖြစ်သည်။ ဤအချိန်သည် အရာခပ်သိမ်း လုံးဝဥဿုံနိဂုံးချုပ်မည့်အချိန်ဖြစ်၏။ သခင်ယေရှုသည် နောက်ဆုံးသောကာလတမျိုးထဲကိုသာသိသည်။ ပရီမီလီနီးယမ်းဝါဒီတို့ပြောသကဲ့သို့ နောက်ဆုံးအချိန်အမျိုးမျိုးကိုမသိပါ။ ဤအချိန်သည် ဘုရားသခင်၏ဉာဏ်ပညာတော်အားဖြင့်ကြံရွယ်ထားသော အကြံအစည်အားလုံး လက်တွေ့အကောင်အထည် ပေါ်လာချိန်ဖြစ်၏။ သူလုပ်ဆောင်ဖို့စီစဉ်ဆုံးဖြတ်ထားသမျှအားလုံး လုပ်ဆောင်ပြီးစီးသွားချိန်ဖြစ်၏။ ဖန်ဆင်းခြင်းနှင့် သမိုင်း၏တီးလို့စ် (ဂရိစ

ကား–ရည်ရွယ်ချက်၊ပန်းတိုင်) သို့ရောက်ရှိချိန်ဖြစ်၏။ အရာခပ်သိမ်းသည် အဆင်သင့်ဖြစ်နေကြပြီ။ ဆိုးညစ်သောသူတို့က သူတို့၏ဆိုးညစ်ခြင်းခွက်ဖလားကို ပြည့်လျှံစေကြပြီ။ ဤသို့ခွက်ကိုပြည့်လျှံစေကြခြင်းက သူတို့၏တရားစီရင်ချိန်အတွက် အဆင်သင့်ဖြစ်စေလိုက်ခြင်းဖြစ်၏။ အသင်းတော်သည်လဲ သူမ၏ကယ်တင်ခြင်းပြီးမြောက်ချိန်ကို ခံစားဖို့အသင့်ဖြစ်နေပြီ။ ထို့အတူအရာခပ်သိမ်းသည် ခရစ်တော်ပြန်ကြွလာဖို့အတွက် အဆင်သင့်ဖြစ်နေကြချိန် ဖြစ်၏။

နှုတ်ကပတ်တော်ထဲတွင် ကောင်းကင်တမန်များသည် သခင်ခရစ်တော်၏နောက်ဆုံးအကြိမ်ပြန်ကြွလာခြင်းထဲတွင် တစန်းတကဏ္ဍပါဝင်ခွင့်ရထားကြ၏။ ဗျာဒိတ်ကျမ်းထဲတွင်–– ထို့နောက်အခြားသောကောင်းကင်တမန်တပါးထွက်ပေါ်လာ၏။ မိုးတိမ်ပေါ်မှာထိုင်တော်မူသောသူအား ကျယ်လောင်စွာအော်ဟစ်၍ပြောသည်မှာ––ကိုယ်တော်၏တံစဉ်ကိုထိုးထဲ့ပါ၊ ရိတ်သိမ်းပါ၊ ကိုယ်တော့်အတွက်ရိတ်သိမ်းချိန်ရောက်ပါပြီ။ ဤကမ္ဘာကြီးသည် ရိတ်သိမ်းခံဖို့ရန်ရင့်မှည့်နေပါပြီ––ဟူ၍ဖြစ်၏။ ထိုအချိန်တွင်ကောင်းကင်ဘုံ၌ရှိသောဗိမာန်တော်ထဲမှနေ၍ အခြားသောကောင်းကင်တမန်တပါးထွက်ပေါ်လာပြန်၏။ သူ့ထံ၌လဲ ထက်မြက်သောတံစဉ်တစုရှိ၏။ ထို့နောက်မီးကိုနိုင်နင်းသောကောင်းကင်တမန်တပါးသည် ပလ္လင်တော်ထဲမှထွက်ပေါ်လာ၏။ ထို့နောက်ထက်မြက်သောတံစဉ်ကိုင်ထားသူထံသို့––ကိုယ်တော် ၏တံစဉ်ကိုကမ္ဘာကြီးထဲသို့ထိုးသွင်း၍ စပျစ်ပင်များကိုဖြတ်တောက်ကာ အစိတ်အပိုင်းများကိုစုသိမ်းပါ။ အဘယ့် ကြောင့်ဆိုသော် သူမ၏စပျစ်ခိုင်များသည်အပြည့်အဝရင့်မှည့်နေကြပြီဖြစ်၏––ဟုကျယ်လောင်စွာအော်ဟစ်လေ၏။ ထို့နောက် ကောင်းကင်တမန်ကသူ၏တံစဉ်ကို ကမ္ဘာကြီးထဲသို့ထိုးသွင်းလိုက်ပြီး စပျစ်ပင်များကိုစုသိမ်းလိုက်၏။ ထို့

နောက် ဘုရားသခင်၏အမျက်တော်ဖြစ်သော စပျစ်ကြိတ်စက်ကြီးထဲသို့ပစ်ထဲ့လိုက်၏။ ထို့နောက် စပျစ်ကြိတ်စက်ကြီးကို မြို့တော်အပြင်ဖက်သို့လိုမ့်ထုတ်သွား၏။ ထိုအခါစပျစ်ကြိတ်စက်ကြီးထဲမှ သွေးတို့စီးထွက်လာ၏။ အကျယ်အဝန်း(၁၆၀၀ဖါလုံ)အတွင်းမှာ သွေးတို့သည်မြင်းဇက်ကြိုးကိုထိသည်အထိပြည့်လျှံနေ၏။(ဗျာ၁၄း၁၅–၂၀)

ဤပုံဥပမာထဲတွင် ကောင်းကင်တမန်များသည် နိုင်ငံတော်ထဲမှ– ဆိုင်ပြိုင်တိုက်လှန်သောအရာအားလုံးနှင့် ဆိုးယုတ်သောအမှုပြုသောသူအားလုံးကို ထုတ်နှုတ်စုဆောင်းနေကြပုံကို သရုပ်ဖေါ်ပြထားကြောင်းတွေ့ရသည်။ ပထမဖေါ်ပြချက်သည် ပုဂ္ဂိုလ်ရေးမဆန်သော(လူပုဂ္ဂိုလ်မဟုတ်သော)– ဆိုင်ပြိုင်တိုက်လှန်သောအရာအားလုံး–(မ၁၃း၄၁)ဖြစ်သည်။ ဤဖေါ်ပြချက်က– ဘုရားသခင်၏လူများအပြစ်ပြုမိအောင် လိမ်လည်လှည့်ဖြားဖို့ထောင်ချောက်ဆင်ထားသော ဆိုးညစ်သောဖြားယောင်းသွေးဆောင်မှုအားလုံးကိုဆိုလိုခြင်းဖြစ်ကြောင်းထင်ရှားပါသည်။ ဤအရာများသည် ဘုရားသခင်၏လူများ မြေကြီးပေါ်မှာအသက်ရှင်စဉ် မပြတ်တမ်းကြုံတွေ့နေရသောစုံစမ်းခြင်းများပင်ဖြစ်၏။ ဘုရားသခင်၏တရားတော်က တားမြစ်ထားသောအရာများကို ချိုးဖေါက်ဖို့ဆွဲဆောင်သော၊ မြူဆွယ်သောအရာများကို လူဆိုးတို့က ဘုရားသခင်၏လူတို့သွားရာလမ်းမှာ ထောင်ချောက်ဆင်၍ချထားတတ်ကြသည်။ ဘုရားသခင်အားသစ္စာရှိသူများကို လောကီပျော်မွေ့ခြင်းနှင့် ယုံကြည်ချက်စွန့်ပယ်ခြင်းဆီသို့ ဆွဲဆောင်သွားရန် လူဆိုးတို့ကကြိုးစားနေကြသည်။ ထို့အတူ သစ္စာစောင့်သိရိုသေခြင်းတည်းဟူသော နိုင်ငံတော်သို့သွားရာလမ်းပေါ်မှနေ၍ ဖြောင့်မတ်သူများကို လမ်းလွဲသို့ဆွဲဆောင်နိုင်ရန်အတွက် ခြိမ်းခြောက်ခြင်းနှင့်ညှင်းပန်းနှိပ်စက်ခြင်းနည်းများကို လောကထဲမှဆိုးညစ်သောသူများက လက်တွေ့ကျင့်သုံးနေကြသည်။ သို့သော် နောက်ဆုံးအချိန်သို့ရောက်သောအခါ ဤအရာအားလုံးကိုအပြီးအပိုင်ဖယ်ရှားပစ်လိုက်မည်ဖြစ်သည်။

ဆိုးယုတ်သောသူများကိုယ်တိုင်ကိုလဲ ထာဝရလောင်ကျွမ်းရာငရဲမီးအိုင်ထဲသို့ ပစ်ချဦးမည်ဖြစ်၏။ သူတို့သည် ဖေါ်ပြခြင်းငှာမစွမ်းသာလောက်အောင်ပြင်းထန်သော ဘုရားသခင်၏ထာဝရအမျက်တော်ထဲမှာ ကိုယ်စိတ်နှလုံးသုံးပါးစလုံးအပြစ်ဒဏ်ခတ်ခြင်းခံရမည်ဖြစ်၏။ ဤသည်မှာ သူတို့ကျူးလွန်ထားသော စက်ဆုပ်ရွံရှာဘွယ်အပြစ်ဒုစရိုက်များအတွက် ဘုရားသခင်၏ တရားမျှတစွာတရားစီရင်ခြင်းပင်ဖြစ်၏။ သူတို့သည် ဖြောင့်မတ်သောသူတို့ထံမှခွဲထုတ်ခြင်းနှင့်ငရဲသို့ပစ်ချခြင်းတို့ကို ထာဝရကာလပတ်လုံးခံစားကြရမည်ဖြစ်၏။

သို့သော် ဖြောင့်မတ်သူများကတော့ သူတို့ခမည်းတော်၏နိုင်ငံတော်ထဲတွင် နေအရောင်ကဲ့သို့လင်းထိန်နေကြမည်ဖြစ်၏။ ဤနိုင်ငံတော်သားသမီးများသည် သူတို့ဟာသူတို့ဖြောင့်မတ်နေကြခြင်းမဟုတ်ပါ။ သူတို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်မှုအားဖြင့် သူတို့ကိုယ်သူတို့ဖြောင့်မတ်အောင်လုပ်ကြခြင်းမဟုတ်ပါ။ သူတို့၏ ကယ်တင်ရှင်သခင်ခရစ်တော်၏ လက်ဝါးကပ်တိုင်တွင်သွန်းလောင်းသောအသွေးတော်၏ ဖြောင့်မတ်ရာသို့ရောက်စေသောတန်ခိုးအားဖြင့် နိုင်ငံတော်၏သားသမီးများဖြစ်လာကြခြင်းဖြစ်သည်။ ဖြောင့်မတ်ခြင်းနိုင်ငံတော်ကြီးတည်ထောင်နိုင်ဖို့အလို့ငှာ သခင်ခရစ်တော်၏အသွေးတော်သွန်းလောင်းခဲ့သကဲ့သို့ပင် ထိုနိုင်ငံတော်သားများ၏ဖြောင့်မတ်ခြင်းသည်လဲ သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်အားဖြင့်သာဖြစ်၏။

သူတို့၏ဘုန်းထင်ရှားခြင်းသည် ခမည်းတော်ဘုရား၏နိုင်ငံတော်ထဲမှနေ၍ သူတို့ကိုစောင့်စားနေ၏။ ထိုနိုင်ငံတော်ထဲတွင် သူတို့သည် မင်းညီမင်းသားများသဖွယ်စိုးစံကြရမည်ဖြစ်၏။ ဤကမ္ဘာမတည်မရှိမီကပင် သူတို့အတွက် ပြင်ဆင်ပေးထားသော နိုင်ငံတော်ကြီးကို သူတို့အမွေဆက်ခံကြရမည်ဖြစ်၏။ ထိုနိုင်ငံတော်ထဲတွင် သူတို့၏ဘုန်းတန်ခိုးသည် နေမင်းကြီးကဲ့သို့ထွန်းတောက်လိမ့်မည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူတို့သည်ဘုန်းတန်ခိုးထင်ရှားစွာ ပြည့်စုံခြင်းသို့ ရောက်ပြီးကြသောကြောင့်ဖြစ်၏။ ဘုရားသခင်၏ဘုန်းတန်ခိုးတော်သည် တောက်ပလွန်းသောကြောင့် ကောင်းကင်တမန်များသည် သူတို့၏မျက်နှာကိုဖွက်ထားကြရလေ့ရှိ၏။ နိုင်ငံတော်သားများသည် သူတို့ကိုကယ်တင်တော်မူသော ဘုရားသခင်၏မဟာဘုန်းတန်ခိုးတော်ကို ထင်ရှားစေသည့်တန်ဆာများအဖြစ်ဖြင့်၄င်း၊ သခင်ခရစ်တော်၏ခန္ဓာကိုယ်အစိတ်အပိုင်းတရပ်အဖြစ်၄င်း၊ သခင်ခရစ်တော်နှင့်ဘုရားသခင်တို့အားဖြင့် ဘုန်းတန်ခိုးထင်ရှားကြလိမ့်မည်ဖြစ်၏။ ထို့နောက် ဤလောကအတွင်းမှာခံစားခဲ့ကြရသော သူတို့၏ဆင်းရဲဒုက္ခအားလုံးအတွက် ကောင်းကင်ဘုံမှာ ဆုလာဘ်များရရှိကြဦးမည်ဖြစ်၏။ ထိုအခါတွင် သူတို့ဤလောကထဲရှိစဉ်အခါက ဆိုးညစ်သောသူတို့လက်ထဲတွင် ဒုက္ခအမျိုးမျိုးခံစားခဲ့ကြရပြီး၊ မျိုးတုံးအောင်သုတ်သင်ခြင်းခံရမည်ဟု မကြာခဏခြိမ်းခြောက်ခြင်းခံစားခဲ့ကြရသော်လည်း ဘုရားသခင်ကသူ၏အမှုတော်ကို သခင်ခရစ်တော်အားဖြင့်ဆက်လက်ရှင်သန်နေအောင် ကာကွယ်ထိန်းသိမ်းနေပြီး၊ ဆိုးညစ်သောသူများက သူတို့ကိုလွှမ်းမိုးအနိုင်ယူခွင့် ဘယ်တုန်းကမှမပေးခဲ့ကြောင်း တွေ့မြင်ကြရလိမ့်မည်ဖြစ်၏။ သူတို့သည် အဆုံး၌ဘုရားသခင်နှင့်အတူ ဘုန်းတန်ခိုးထင်ရှားနိုင်ကြဖို့အတွက် ဤလောကထဲ၌ရှိနေကြစဉ်အတွင်းမှာ စုံစမ်းနှောက်ယှက်ခြင်းနှင့်ဒုက္ခဆင်းရဲခြင်း ခံနေကြရခြင်းဖြစ်ကြောင်း တွေ့မြင်လာကြရမည်ဖြစ်၏။ ဤကမ္ဘာပေါ်မှာဖြစ်ပျက်သမျှအားလုံးသည် ကောင်းကင်နိုင်ငံတော်ထင်ရှားပေါ်ထွန်းလာစေဖို့ အထောက်အကူပေးသောအကြောင်းအရာသက်သက်အဖြစ် ဘုရားသခင်ကအချုပ်အချာအာဏာပိုင်စိုးစွာ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်းကိုလဲတွေ့ကြရမည်ဖြစ်၏။ ထို့အတူ သူတို့တွေ့ကြုံခံစားခဲ့ရသမျှဒုက္ခသုက္ခအားလုံးသည် ထိုကြီးမြတ်၍ထာဝရတည်သော နိုင်ငံတော်ကြီးအတွင်းတွင် သူတို့အမွေခံစားနိုင်စေဖို့အကြောင်းသက်သက်သာဖြစ်ကြောင်းကိုလဲ တွေ့ကြရလိမ့်မည်ဖြစ်၏။

ကြားစရာနားရှိသောသူမှန်သမျှကြားကြလော့။ လူတယောက် မကြားမဖြစ်ကြားရမည့်အရာကား အဘယ်နည်း? ဤကမ္ဘာကြီးဆက်ရှိနေသ၍ ဆိုးညစ်သောသူများသည်ဖြောင့်မတ်သောသူတို့နှင့် နီးကပ်စွာရှိနေကြဖို့ ဘုရားသခင်၏အလိုတော်ဖြစ်ကြောင်းပြောပြနေသော သခင်ခရစ်တော်၏နှုတ်ထွက်စကားကို ကြားနာရမည်။ သူ–ကြားကို ကြားရမည်။ အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်သောသူတို့၏ဘဝခရီးလမ်းသည် ခက်ခဲခြင်းနှင့်ဒုက္ခဆင်းရဲခြင်းတို့ကို မကြာခဏဆိုသလိုခံစားနေကြရသောကြောင့်ဖြစ်သည်။ ဆိုးညစ်သောသူတို့ရှိနေခြင်းကြောင့် ဘုရားသခင်၏အမှုတော်မြတ်ရှုံးနိမ့်သွားမည်ဟု ဖြောင့်မတ်သူတို့က အလေးအနက်တွေးတောပူပန် တတ်ကြသောကြောင့်ဖြစ်သည်။ ငရဲပြည်၏တံခါးတို့သည် အသင်းတော်ကိုဆန့်ကျင်အံတု၍ ဘယ်တော့မှအနိုင်မရနိုင်ဟု သခင်ခရစ်တော်၏မိန့်တော်မူချက်ကို သူတို့ကြားကိုကြားရမည်။ ထို့မျှပင်မကသေး ဘုရားသခင်၏အကြံအစည်တော်အရ ဆိုးညစ်သောသူတို့အမြဲတမ်းရှိနေကြဖို့ မဖြစ်မနေလိုအပ်သည်ဟု သခင်ခရစ်တော်၏စိတ်သက်သာဘွယ်ရာ မိန့်တော်မူချက်ကိုကြားနာဖို့လဲလိုပါသေးသည်။ ထို့အတူဖြောင့်မတ်သောသူတို့သည် မယုံကြည်သူအပြစ်သားများနှင့်ဆန့်ကျင်ဖက်ပဋိပက္ခပြုခြင်းများကို ဆက်လက်လုပ်ဆောင်သွားဖို့ခေါ်တော်မူခြင်းခံရကြသည် ဟုသခင်ခရစ်တော်ကမိန့်တော်မူခြင်းကိုလဲကြားဖို့လိုသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည်သစ္စာစောင့်သိကြလျှင်၊ သေသည့်တိုင်အောင်သစ္စာရှိလျက်ဆက်သွားကြလျှင် သခင်ခရစ်တော်၏နိုင်ငံတော်ထဲမှာ နေ၏အလင်းရောင်ကဲ့သို့ ဘုန်းတန်ခိုးထင်ရှားစွာပါဝင်နိုင်ခွင့်က သူတို့ကိုစောင့်စားလျက်ရှိသောကြောင့်ဖြစ်ပါ၏။

( The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

××××××××××××××××××××××××××××××××××××××××××××××××××

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၂၀)
### ၈း၁–၆

၁ – သတ္တမတံဆိပ်ကိုဖွင့်သောအခါ၊ ကောင်းကင်ဘုံ၌ နာရီဝက်မျှ တိတ်ဆိတ်စွာနေကြ၏။ ၂ – ဘုရားသခင်ရှေ့တော်၌ရပ်နေသော ကောင်းကင်တမန် ခုနစ်ပါးကို ငါမြင်၏။ သူတို့၌ တံပိုးခုနစ်လုံးကို ပေး၏။ ၃ – (အခြား)ကောင်းကင်တမန်တပါးသည်လာ၍ ရွှေလင်ပန်းကိုကိုင်လျှက် ယဇ်ပလ္လင်နား

မှာရပ်နေ၏။ ပလ္လင်တော်ရှေ့၌ရှိသော ရွှေယဇ်ပလ္လင်ပေါ်မှာ သန့်ရှင်းသူအပေါင်းတို့၏ပဌနာနှင့်အတူ ဆက်ကပ်ခြင်းငှာ၊ မီးရှို့သော နံ့သာပေါင်းအ များကို ထိုသူ၌ပေး၏။ ၄ – မီးရှို့သောနံ့သာပေါင်း၏ အခိုးအငွေ့သည် သန့်ရှင်းသူတို့၏ပဌနာနှင့်အတူ ကောင်းကင်တမန်၏လက်ထဲက ဘုရားသခင့် ရှေ့တော်သို့ တက်လေ၏။ ၅ – ကောင်းကင်တမန်သည် လင်ဗန်းကိုယူ၍ ယဇ်ပလ္လင်၏မီးနှင့်ပြည့်စေပြီးမှ၊ မြေကြီးပေါ်သို့ ချလိုက်သည်ဖြစ်၍၊ အသံ မြည်ခြင်း၊ မိုးခြိုးခြင်း၊ လျှပ်စစ်ပြက်ခြင်း၊ မြေကြီးလှုပ်ခြင်း ဖြစ်ကြ၏။ ၆ – တံပိုးခုနှစ်လုံးရှိသော ကောင်းကင်တမန်ခုနှစ်ပါးတို့သည် မှုတ်အံ့သော ငှာ မိမိတို့ကို ပြင်ဆင်ကြ၏။

## သန့်ရှင်းသူအားလုံးတို့၏ ဆုတောင်းကို ပူဇော်ခြင်း

၁။ အခန်းကြီးခုနှစ်ဖြင့် ကြားတွင်ဖြစ်ပျက်သည်ကို ပြောပြပြီးနောက် သတ္တမတံဆိပ်ကို ဆက်ဖွင့်ပါသည်။ သတ္တမတံ ဆိပ်ကိုဖွင့်သောအခါ၊ ဗျာဒိတ်ဖွင့်ပြချက်အတွဲလိုက်ဆက်ဖြစ်ပျက်ပါသည်၊ ၄င်းတို့ကို တံပိုးခရာခုနှစ်ခုဟု ခေါ်ပါ သည်။
ဤတံဆိပ်ကို ဖွင့်သောအခါ၊ ကောင်းကင်တွင် နာရီဝက် တိတ်ဆိတ်သွားပါသည်။ ဤအချိန်မတိုင်ခင်က ကောင်း ကင်ဘုံတွင် သီးချင်းဆိုသံ၊ တူရိယာများအသံ၊ ချီမွမ်းခြင်းအသံတို့ဖြင့် ပြည့်နေခဲ့ပါသည်။ ပထမ တံဆိပ်ခြောက်ခုတို့ ကို ဖွင့်သောအခါတွင် ထိုသို့တိတ်ဆိတ်ခြင်း မရှိပါ။
ယခုတော့ တိတ်ဆိတ်သွားပါသည်။ သတ္တမတံဆိပ်တွင်ပါဝင်အသောအရာများ ဖြစ်ပျက်စဉ်တလျှောက်လုံး တိတ်ဆိတ် ခြင်းတော့မဟုတ်ပါ၊ အသင်းတော်နှင့်ခရစ်တော်၏ရန်သူတို့ တိတ်ဆိတ်သွားခြင်းကိုလည်း ပုံမဆောင်ပါ၊ ကမ္ဘာပေါ် တွင် ရှိနေဆဲအသင်းတော် ခဏတဖြုတ်အနားရခြင်းကိုလည်း မဆိုလိုပါ၊ နှစ်ပေါင်းတထောင်ကိုလည်း ပြောခြင်း မ ဟုတ်ပါ၊ ထာဝရကာလ၏အစပျိုးခြင်းလည်း မဟုတ်ပါ။
သတ္တမတံဆိပ်ဖွင့်ခြင်းဖြင့် ဖြစ်လာမည့်အရာများကို ကောင်းကင်ဘုံတွင် နေထိုင်ကြပြီးသူတို့က ကြီးစွာသောမျှော်လင့် ခြင်း ထားရှိကြပုံကို ဖေါ်ပြပါသည်။ သန့်ရှင်းသူအားလုံးတို့၏ ဆုတောင်းခြင်းကို ပူဇော်တော့မည်ဖြစ်၍ ရိုသေလေး စားခြင်းကို ပြသောအားဖြင့် နာရီဝက် ငြိမ်သက်စွာနေခြင်းဖြစ်သည်။

၂။ ကောင်းကင်တမန် နောက်ထပ်(၇)ယောက်ကို ယောဟန်ကတွေ့ပါသည်။ နာရီဝက်တိတ်ဆိတ်စဉ်အတွင်းဖြစ် သည်။ ဘုရားသခင်နှင့်နီးကပ်စွာနေခွင့်ရသူတို့ဖြစ်သည်။ ဂေဘရီအဲလ်နှင့်တူကြပါမည် (လုကာ ၁း၁၉)။ သူတို့ထံသို့ တံပိုးခရာခုနှစ်ခုကို ပေးပါသည်။ ဆိုလိုသည်မှာ သန့်ရှင်းသူတို့၏ဆုတောင်းခြင်းများကို ဘုရားသခင့်ထံ မဆက်ကပ် မချင်း သူတို့၏တာဝန်ကို စမလုပ်ရဟု ဆိုလိုခြင်းဖြစ်သည်။ တံပိုးခရာကို တိုက်ပွဲစတင်ဖို့အချက်ပေးသည့်အနေနှင့် သုံးလေ့ရှိသည်၊ မြင့်မြတ်သောလုပ်ကိုင်ခြင်းတမျိုးမျိုးလုပ်ရာတွင် သုံးလေ့ရှိသည်။ ဤနေရာတွင် တံပိုးခရာမှုတ်ခြင်း ကို ကျရောက်လာတော့မည့် ဘုရားသခင်၏တရာစီရင်ခြင်း၊ ထိုတရားစီရင်ခြင်းဖြင့် သူ၏ နိုင်ငံတော်ပြည့်စုံမည်ဖြစ် ခြင်းတို့ကို ပုံဆောင်ရန် သုံးထားခြင်းဖြစ်သည်။ ယေရိခေါမြို့ ပြိုကျခါနီး တံပိုးခရာမှုတ်ခြင်းကို သတိရနိုင်ပါသည်။

၃။ တခြားကောင်းကင်တပါး ထွက်လာပြန်ပါသည်။ သခင်ခရစ်တော်မဟုတ်ပါ။ "ပလ္လင်တော်ရှေ့၌ရှိသော ရွှေယဇ်ပလ္လင်ပေါ်မှာ သန့်ရှင်းသူအပေါင်းတို့၏ပဌနာနှင့်အတူ ဆက်ကပ်ခြင်းငှာ၊ မီးရှို့သော နံ့သာပေါင်းအ များကို ထိုသူ(ကောင်းကင်တမန်)၌ပေး၏။" ဘုရားသ ခင့်ရှေ့တော်မှောက်တွင် နံ့သာများကိုမီးရှို့ပူဇော်ခြင်းက သန့်ရှင်းသောသူများ၏ဆုတောင်းခြင်းကို ဘုရားသခင်က လက်ခံတော်မူကြောင်းကို ပုံဆောင်နေခြင်းဖြစ်သည်။ ထိုဆုတောင်းသံများအားလုံးကို အသေအချာပင် ကြားတော်မူ ပါသည်။
ကောင်းကင်တမန်၏ပူဇော်ခြင်းဆိုသည်က ယုံကြည်သူတို့၏ဆုတောင်းခြင်းအားလုံးကို ပုံဆောင်ပါသည်။ သန့်ရှင်းသူ ဟုခေါ်သည့် ယုံကြည်သူတိုင်းက ဘုရားသခင့်နိုင်ငံတော် ရောက်လာရန်၊

သခင်ဘုရားပြန်လည်ကြွလာရန်ကို ဆု တောင်းကြပါသည်။ ထိုသို့ဆုတောင်းခြင်းက ဘုရားတရားမဲ့ဤလောကကြီးအပေါ် ဘုရားသခင့်တရားစီရင်ခြင်း ရောက်လာဖို့တောင်းခြင်းလည်း ဖြစ်ပါသည်။ ဘုရားသခင်က သူတို့၏ဆုတောင်းခြင်းများကို အလွန်သဘောကျ တော်မူသည်။

"ကောင်းကင်တမန်သည် လင်ဗန်းကိုယူ၍ ယဇ်ပလ္လင်၏မီးနှင့်ပြည့်စေပြီးမှ၊ မြေကြီးပေါ်သို့ ချလိုက်သည်ဖြစ်၍၊ အသံမြည်ခြင်း၊ မိုးခြိုးခြင်း၊ လျှပ် စစ်ပြက်ခြင်း၊ မြေကြီးလှုပ်ခြင်း ဖြစ်ကြ၏။" "မီး"ဆိုသည့်အရာက ဘုရားသခင်၏အမျက်ဒေါသ၊ တရားစီရင်ခြင်းကို ပုံဆောင် ပါသည်။ ဤနေရာတွင် သန့်ရှင်းသူတို့၏ဆုတောင်းခြင်းနှင့် ဆက်စပ်နေကြောင်းပြောပြပါသည်။ "မြေကြီးပေါ်သို့ချ ပစ်လိုက်ခြင်း"ကြောင့် တရားစီရင်ခြင်းနိမိတ်လက္ခဏာများထွက်ပေါ်လာပါသည်။ ကမ္ဘာပေါ်တွင်ဖြစ်ပျက်သော ကပ် ဆိုးကြီးများအားလုံးသည် သန့်ရှင်းသူတို့ဆုတောင်းကြောင့် ရောက်လာသော တရားစီရင်ခြင်းများသာဖြစ်ကြသည်။

++++++++++++++++++++++++++++++++++++++

ဟေဗြဲ ၆း၁–၃ (ဂျိန်းဘုရင်မူ)

၁–၂ – ထို့ကြောင့် ခရစ်တော်၏ဩဝါဒ၏အခြေခံသဘောတရားများကို ထားခဲ့၍၊ ငါတို့သည် ပြည့်စုံခြင်းသို့ သွားကြ ပါမည်၊ သေနေသောအကျင့်များမှနောင်တရခြင်း၊ ဘုရားသခင်ကိုယုံကြည်ခြင်း၊ ဗတ္တိဇံဩဝါဒများ၊ လက်တင်ခြင်း များ၊ သေခြင်းမှထမြောက်ခြင်း၊ ထာဝရတရားစီရင်ခြင်း စသောအခြေခံအုတ်မြစ်များကို ထပ်မံချမနေကြတော့ပါ။
၃ – ဘုရားသခင်က ခွင့်ပြုတော်မူလျှင်၊ ၄င်းကို ငါတို့ ပြုလုပ်ကြပါမည်။